ပုံစံ(၁၁

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၆/၂၀၁၆)

| | |
|---|---|
| Mr.Kuan-Howard Huai-Chih<br>North Shore အထည်ချုပ်စက်ရုံ၊<br>အမှတ်(၁၆/၁၈)၊ မြဝတီမင်းကြီးလမ်း၊<br>စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| အလုပ်သမား(၁၀၄)ဦး၏ ကိုယ်စား<br>ဦးရဲသူရပါ(၅)ဦး<br>အမှတ်(၁၆၅)၊ မြို့ပတ်လမ်း၊<br>လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူများ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၄)၊ မြဝတီမင်းကြီးလမ်း၊ အမှတ်(၁၆/၁၈)ရှိ North Shore အထည်ချုပ်စက်ရုံ ပိုင်ရှင် Mr.Kuan-Howard Huai-Chih နှင့် အလုပ်သမား(၁၀၄)ဦးကိုယ်စားဦးရဲသူရပါ(၅)ဦးတို့ အကြားဖြစ်ပွားကြသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်းပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်း ဒေသကြီးခုံသမာဓိအဖွဲ့က ကြားနာ စစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ်(၁၂၈/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့်ကြားကာလနစ်နာကြေးပေးရန်တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှု ဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှအောက်ပါကောက်ချက်(၁)ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား(၁၀၄)ဦးကိုယ်စား ဦးရဲသူရပါ(၅)ဦးမှ နိုင်ငံသား ကဒ်ပြားမရှိသေးသည့် အလုပ်သမားမဇင်မာဦးအား လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ခွင့်ပြုရန်၊ မိမိတို့မှ လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်သော်လည်း လုပ်ငန်းပိုင်ရှင်မှ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် မချုပ်သဖြင့် ဝင်ရောက်လုပ်ကိုင်ခွင့် မပေးသော ၁၅-၁၁-၂၀၁၅ ရက်နေ့မှ ၂၇-၁၁-၂၀၁၅ ရက်နေ့အထိ(၁၃)ရက်အား လုပ်ခလစာအား တွက်ချက်ပေးရန်နှင့် စက်ရုံတွင်းလိုင်းပြောင်းရွှေ့ လုပ်ကိုင်စေမှုအား မလိုက်နာသဖြင့် အလုပ်မှ ထုတ်ပယ်ခဲ့သော အလုပ်သမား (၁၀၄)ဦးအား အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) နိုင်ငံသားစိစစ်ရေးကဒ်ပြားစိစစ်ဆဲ မဇင်မာဝင်းအား အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်စေရန်နှင့် ဦးရဲသူရပါလုပ်သား(၁၀၄)ဦးအား ၁၅-၁၁-၂၀၁၅ ရက်နေ့မှ ၂၇-၁၁-၂၀၁၅ ရက်နေ့အထိ လုပ်ခလစာရလိုမှုအပေါ် EC စာချုပ်ချုပ်ဆိုရေးကိစ္စအား အကြောင်းပြု၍ ဖြစ်ပွားခဲ့သဖြင့် လုပ်ခလစာ(၁၀)ရက်စာအား OT မပါသည့် လစာနှုန်းဖြင့် ထုတ်ပေးရန်၊

(ခ) လုပ်သား(၁၀၄)ဦးအား ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ (၇) ရက်အတွင်း မူလရာထူး၊ မူလလစာအတိုင်းပြန်လည်ခန့်ထားရန်နှင့် အလုပ်ရပ်စဲသည့်နေ့မှ အလုပ်ပြန်ဝင်ရောက်သည့်နေ့အထိကြားကာလနစ်နာကြေးအား ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ (OT မပါ )ဖြင့် တွက်ချက်ထုတ်ပေးရန်၊

(ဂ) စက်ရုံရှိ လုပ်သားအားလုံးအတွက် EC စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီး

ဌာနမှ ပြဋ္ဌာန်းထားသည့်အတိုင်း ဥပဒေနှင့်အညီ အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၁၂၈/၂၀၁၅)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် North Shore အထည်ချုပ်စက်ရုံ ပိုင်ရှင် Mr.Kuan-Howard Huai-Chih မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၉/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၆/၂၀၁၆) အားကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသောစာရွက်စာတမ်းအထောက်အထားများအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** မဇင်မာဝင်းအား အလုပ်မှထုတ်ပယ် သင့်/မသင့်။

**ကောက်ချက်အမှတ်(၂)။** အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ရန် ဆောင်ရွက်ရာမှ အလုပ်မလုပ်ရသည့် ၁၅-၁၁-၂၀၁၅ မှ ၂၇-၁၁-၂၀၁၅ ရက်အထိ အလုပ်မလုပ်ရသည့် ရက်များအတွက် အခကြေးငွေ ရသင့်၊ မသင့်။

**ကောက်ချက်အမှတ်(၃)။** အလုပ်ရုံအတွင်း အလုပ်နေရာပြောင်းလဲမှုကို အခြေခံ၍ အလုပ်မှရပ်စဲခြင်း ပြုသင့်၊ မသင့်။

**ကောက်ချက်အမှတ်(၄)။** အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူ စာချုပ် ချုပ်ဆိုရေးကိစ္စ။

**သုံးသပ်ချက်**

၇။ အလုပ်သမား မဇင်မာဝင်းအား နိုင်ငံသားစိစစ်ရေးကဒ်ရရှိပြီးဖြစ်၍ အလုပ်တွင် ပြန်လည်ခန့်ထားပြီးဖြစ်ကြောင်း နှစ်ဖက်စလုံးမှ ထွက်ဆိုထားပါသည်။ မဇင်မာဝင်းက အလုပ်သမားကိုယ်စားလှယ်အဖြစ် ပေးသည့်စာ ၂ စောင်တွင် လက်မှတ်များတူညီခြင်းမရှိသည်ကိုလည်း တွေ့ရှိရပါသည်။

၈။ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုရန် ဆောင်ရွက်ရာတွင် အလုပ်သမားဘက်က CTUM ၏ စာချုပ်နမူနာအတိုင်း ဆောင်ရွက်လိုကြောင်း ယခင်က တင်ပြချက်မှာ လွဲမှားတင်ပြခြင်းသာဖြစ်ကြောင်းနှင့် အစိုးရ၏ စာချုပ်နမူနာအတိုင်း နှစ်ဘက်ညှိနှိုင်းချုပ်ဆိုနိုင်ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ စာချုပ်ကိစ္စအတွက် ၁၅-၁၁-၂၀၁၅ မှ ၂၇-၁၁-၂၀၁၅ ရက်အထိ အလုပ်လုပ်ရသည့် ကိစ္စတွင် အလုပ်ရှင်က အလုပ်မှမထုတ်၊ အပြစ်မယူသကဲ့သို့၊အလုပ်သမားများ

ကလည်း လုပ်ငန်းခွင်သို့ဝင်ရောက်လုပ်ကိုင်ခဲ့ကြပြီးဖြစ်၍လည်းကောင်း၊ အလုပ်ရှင်က ၁၅-၁၁-၂၀၁၅၊ ၂၂-၁၁-၂၀၁၅ နှင့် ၂၆-၁၁-၂၀၁၅ ရက်၊ စုစုပေါင်း ၃ ရက်စာ အခကြေးငွေပေးချေပြီးဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။ စာချုပ်ကိစ္စတွင် အလုပ်မလုပ်ရသည့် ရက်ပေါ်ပေါက်ရခြင်းမှာ နှစ်ဖက်စလုံး၏ ရပ်တည်ဆောင်ရွက်ချက်မှာ သဘာဝမကျကြောင်းလည်း တွေ့ရှိရပါသည်။

၉။ အလုပ်ရုံတွင် အလုပ်နေရာ ပြောင်းလဲမှုကိုအခြေခံ၍ အလုပ်သမား ၁၀၄ ဦးအား အလုပ်မှ ရပ်စဲရာတွင် အလုပ်ရှင်ဘက်မှ လိုအပ်သည့် သတိပေးစာအကြိမ်ကြိမ်ထုတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အလုပ်ရပ်စဲမှုမှာ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီသို့ အမှုတွဲမရောက်မီပေါ်ပေါက်ခဲ့သော ကိစ္စဖြစ်ကြောင်း သိသာထင်ရှားပါသည်။ ထို့ပြင် အလုပ်သမားများသည် အခြားစက်ရုံ အလုပ်ရုံများတွင် အလုပ်ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရှိရပါသည်။ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်စာချုပ် နမူနာနှင့်အညီ လိုက်နာချုပ်ဆိုကျင့်သုံးပြီးဖြစ်ကြောင်း နှစ်ဖက်စလုံးမှတင်ပြထားကြပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမား မဇင်မာဝင်းအား အလုပ်ပြန်လည် ခန့်ထားပြီးဖြစ်သဖြင့် တစ်စုံတစ်ရာ ဆောင်ရွက်ပေးရန် မလိုအပ်ကြောင်း ဆုံးဖြတ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၂)။** အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ဆောင်ရွက်ရာမှ အလုပ်မလုပ်ရသည့် ၁၅-၁၁-၂၀၁၅ မှ ၂၇-၁၂-၂၀၁၅ ထိ ၁၃ ရက်အနက် အလုပ်ရှင်က ၃ ရက်စာအတွက် အခကြေးငွေအပြည့်ပေးပြီးဖြစ်သဖြင့် ကျန် ၁၀ ရက်အတွက် နေ့တွက်အခကြေးငွေ ၃၆၀၀/-၏ တစ်ဝက်နှုန်းဖြစ်သော ၁၈၀၀/- နှုန်းဖြင့်ကျသင့်ငွေ ၁၈၀၀၀/-ကိုအကျုံးဝင် အလုပ်သမားတစ်ဦးစီအားပေးရန် ဆုံးဖြတ်လိုက်သည်။

**ဆုံးဖြတ်ချက်အမှတ်(၃)။** အလုပ်သမား ၁၀၄ ဦးမှာ အလုပ်အကိုင်ရရှိကြပြီးဖြစ်၍ ယခုအလုပ်ရုံတွင် ပြန်လည်ခန့်ထားပါက ထိုသူများအခြားအလုပ်ရုံမှ အလုပ်ထွက်ရမည်ဖြစ်ရာ ထိုသို့မဖြစ်ထိုက်သဖြင့် အလုပ်သမား ၁၀၄ ဦးအား အလုပ်ပြန်လည်ခန့်ထားရန် မသင့်ကြောင်းဆုံးဖြတ်ပါသည်။ သို့ရာတွင် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်သည်ကို ကုစားသည့်အနေဖြင့်လည်းကောင်း၊ လူမှုရေးရှုထောင့်အရလည်းကောင်း တစ်ရက်လျှင် ကျပ် ၃၆၀၀/- နှုန်းဖြင့် (၁၅) ရက်စာအတွက် ကျပ် ၅၄၀၀၀/-ကို အလုပ်သမားများ ခံစားခွင့်ပြုရန်ဆုံးဖြတ်သည်။

ဆုံးဖြတ်ချက်အမှတ်(၄)။ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ လိုက်နာ၍ စာချုပ်ချုပ်ဆိုပြီးဖြစ်သဖြင့် လည်းကောင်း၊ ထိုကိစ္စရပ်မှာ တည်ဆဲ ဥပဒေအရ ဆောင်ရွက်ရန်ဖြစ်၍လည်းကောင်း တစ်စုံတစ်ရာ ဆုံး ဖြတ်ပေးရန်မလိုကြောင်းဆုံးဖြတ်ပါသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက် ပေါင်း ၃၀ အတွင်းပေးရမည်။ ငွေပေးသွင်းရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေအပိုဒ် ၂၉ အရမြေ ခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံ ရမည်။

| | | |
|---|---|---|
| ဦးထွန်းအေး | ဦးအောင်သန်း | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |